# ဗုဒ္ဓတရားတော်နှင့် နိုင်ငံရေးအဓိပ္ပါယ်

၁။ ဗုဒ္ဓတရားတော်နှင့် နိုင်ငံရေးအဓိပ္ပါယ် ညှိနှိုင်းသုံးသပ်ချက် အကျဉ်း

နိုင်ငံရေးဟူသော ဝေါဟာရကို ယေဘုယျအများအားဖြင့် အဓိပ္ပါယ်ဖွင့် ဆိုရလျှင် နိုင်ငံ= နိုင်ငံတစ်ခု၊ နိုင်ငံအများ (ကမ္ဘာ၊ လောက) ၏ စား၊ ဝတ်၊ နေရေး၊ ပညာရေး၊ ကျန်းမာ ရေး စသည့် အကျိုးစီးပွားရေးရာ အားလုံးဟု သတ်မှတ်နိုင်ပါ သည်။ ဝိသေသအထူးအားဖြင့်မူ ကာလတစ်ကန့် တွင် နိုင်ငံ သား တို့ ကို ဆင်းရဲနိမ့်ကျစေ သော အဓမ္မဂါဒီ =အာဏာရှင် တို့ ကို တော်လှန်သော အရေးဟုဆိုနိုင်ပါသည်။ အသို ့ဆိုလျှင် နိုင်ငံရေးအဓိပ္ပါယ် သဘာဝသည် ဗုဒ္ဓတရားတော် ရှုထောင့် အရမည်သို့ ရှုမြင်နိုင်ပါသနည်း။

ဤတွင် ပထမဦးစွာ ဗုဒ္ဓတရားတော်၏ အနှစ်သာရကို နား လည် သိမြင်စေဖို့ အထူးအရေးကြီးပါသည်။ ဗုဒ္ဓတရားတော်၏ ဦးတည်ချက်သည် သတ္တလောကကို ချမ်းသာစေဖို့ဖြစ်ပါသည်။ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ဆောင်ရွက်ပေးဖို့ဖြစ်ပါသည်။ မဟာကရုဏာ တော်ဖြင့် ထိုတရားတော်မြတ် ပိဋကတ်သုံးပုံ ဟောကြား တော်မူခဲ့သော မြတ်ဗုဒ္ဓသည် ၄င်းဦးတည်ချက်ဖြည့်ဆည်းဖို့ စရိယ (၃)ပါး၊ မဟာပရိစ္စာဂ (၅)ပါး၊ ပါရမီ (၁၀)ပါးတို့ ကို ဆည်းပူးအားထုတ်တော်မူခဲ့ရသည်။ ထိုသို့ ဆည်းပူးနိုင်ခြင်း ၏ အခြေခံတရားကြီး (၄)ပါးကား ဗြဟ္မာ့ဝိဟာရတရား = မေတ္တာ၊ကရုဏာ၊မုဒိတာ၊ ဥပေက္ခာတို့ ပါပင်တည်း။

အထက်ပါဖွင့်ဆိုချက်တို့ ကို လေးနက်စွာ ညှိနှိုင်း ကောက် ချက် ချရပါလျှင် နိုင်ငံရေးသည်------
(၁) ဗြဟ္မာ့ဝိဟာရတရား (၄) ပါး
(၂) စရိယ (၃) ပါး
(၃) မဟာပရိစ္စာဂ (၅) ပါး
(၄) ပါရမီ (၁၀)ပါး ဟူသော ဗုဒ္ဓတရားတော်များနှင့် ညီ ညွတ်သက်ဝင်နေသည်ကို မုချသေချာ တွေ့ သိရပါ သည်။ ယေဘုယျအားဖြင့်ဖြစ်စေ၊ ဝိသေသအားဖြင့်ဖြစ်စေ ညီ ညွတ်သော အဓိပ္ပါယ်ကို ကောက်ယူ နားလည်နိုင်ပါသည်။ သို့ သော် အတ္တဟိတ ကိုယ်ကျိုးကို ပဓာနမထားသော လောကကောင်းကျိုးအတွက် ဖြူစင်မြင့်မြတ်သော နိုင်ငံ ရေးဆောင်ရွက်ချက်ဖြစ်ဖို့ ကား အဓိကကျပါသည်။

ထို့ ပြင် ရာဇဓမ္မ = မင်းကျင့်တရား (၁၀)ပါးသည်လည်း နိုင်ငံရေးတရားပင်ဖြစ်ပါသည်။ အဘယ့်ကြောင့်နည်း။ ရာဇဟူသော ပါဠိဝေါဟာရသည် "(၁၀)ပါးသောတရားဖြင့် လောက (သူတပါး၊ အများ) ကို နှစ်သက်ရွှင်ပျော် ချမ်းသာစေသူ" ဟူ၍ အဓိပ္ပါယ်ရှိပါသည်။ ထိုအဓိပ္ပါယ်အရ နိုင်ငံ၏ ချမ်းသာမှုအတွက် ဖြူစင်စွာ ဆောင်ရွက်သူသည် ရာဇဓမ္မကို လိုက်နာကျင့်သုံးခြင်းပင် ဖြစ်သောကြောင့်ပါတည်း။
အသေးစိတ်ရှင်းလင်း ဖွင့်ဆိုရပါလျှင် နိုင်ငံရေးဟူသည်...
ဗြဟ္မာ့ဝိဟာရတရား (၄)ပါး
(၁) မေတ္တာ = နိုင်ငံသားတို့ ၏ ကောင်းကျိုးစီးပွားကို ဆောင်ရွက်ခြင်း
(၂) ကရုဏာ = နိုင်ငံသားတို့ ကို ဆင်းရဲအပေါင်းမှ လွတ် မြောက်အောင် ဆောင်ရွက်ခြင်း
(၃) မုဒိတာ = နိုင်ငံသားတို့ ကို ကြီးပွားတိုးတက်အောင် ဆောင်ရွက်ခြင်း

(၄) ဥပေက္ခာ = နိုင်ငံသားတို့၏ အကျိုးစီးပွားကို ဆောင် ရွက်ရာတွင် အဂတိကင်းစွာ နိုင်ငံ၏ လောက၊ ဓမ္မဥပဒေ နှင့် ညီညွတ်စွာဆောင်ရွက်ခြင်း

စရိယ (၃)ပါး
(၁) လောကတ္ထစရိယ = လောက၊ နိုင်ငံသားတို့၏ ကောင်းကျိုးကို ကျင့်ဆောင်ခြင်း
(၂) ဉာတတ္ထစရိယ = အမျိုးသားတို့၏ ကောင်းကျိုးကို ကျင့်ဆောင်ခြင်း
(၃) ဗုဒ္ဓတ္ထစရိယ = ထိုသို့ ဆောင်ရွက်ရာတွင် မိမိအပါအဝင် လောကသားတို့၏ အသိဉာဏ်တည်း ဟူသော အဓိက လောကီ၊ လောကုတ္တရာ ပညာရတနာ အကျိုး ကို ပဓာနဦးတည် ကျင့်ဆောင်ခြင်း။

ပဟာပရိစ္စာဂ (၅)ပါး
(၁) ဓနပရိစ္စာဂ = နိုင်ငံသားတို့၏ ကောင်းကျိုးအတွက် ပစ္စည်းဉစ္စာများ စွန့်လွှတ် ဆောင်ရွက်ရခြင်း
(၂) ဘရိယပရိစ္စာဂ = နိုင်ငံသားတို့၏ ကောင်းကျိုး အတွက် မိမိဇနီးမယား စွန့်လွှတ်ဆောင်ရွက်ရခြင်း
(၃) ပုတ္တပရိစ္စာဂ = နိုင်ငံသားတို့၏ ကောင်းကျိုးအတွက် မိမိသားသမီးများ စွန့်လွှတ်ဆောင်ရွက်ရခြင်း
(၄) အင်္ဂပရိစ္စာဂ = နိုင်ငံသားတို့၏ ကောင်းကျိုးအတွက် ခြေ၊ လက်အစရှိသော ကိုယ်အင်္ဂါ အစိတ်အပိုင်းများ စွန့် လွှတ်ဆောင်ရွက်ရခြင်း
(၅) ဇီဝိတပရိစ္စာဂ = နိုင်ငံသားတို့၏ ကောင်းကျိုးအတွက် မိမိအသက်ကို စွန့်လွှတ်ဆောင်ရွက်ရခြင်း

ပါရမီ (၁၀)ပါး
(၁) ဒါနပါရမီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်း ကျိုးကို ပစ္စည်းဉစ္စာစွန့် လွှတ် ကျင့်ဆောင်ခြင်း။
(၂) သီလပါရမီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်း ကျိုးကို ကိုယ်ကျင့်ဖြူစင်စွာကျင့်ဆောင်ခြင်း။
(၃) နေက္ခမ္မပါရမီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုးကို လောဘကင်းစွာ ကျင့်ဆောင်ခြင်း။
(၄) ပညာပါရမီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်း ကျိုးကို အသိဉာဏ်ပညာဖြင့် ကျင့်ဆောင်ခြင်း။
(၅) ဝီရိယပါရမီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်း ကျိုးကို ရဲရင့်တက်ကြွစွာ ကျင့်ဆောင်ခြင်း။
(၆) ခန္တီပါရမီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်း ကျိုးကို သည်းခံအေးမြစွာ ကျင့်ဆောင်ခြင်း။
(၇) သစ္စာပါရမီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်း ကျိုးကို ဖြောင့်မတ်မှန်ကန်စွာ ကျင့်ဆောင်ခြင်း။
(၈) အဓိဋ္ဌာန်ပါရမီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုးကို ခိုင်မာပြတ်သားစွာ ကျင့်ဆောင်ခြင်း။
(၉) မေတ္တာပါရမီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုးကို မေတ္တာတရားစစ်မှန်စွာ ကျင့်ဆောင်ခြင်း။
(၁၀) ဥပေက္ခာပါရမီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုးကို အဂတိကင်းရှင်းစွာ ကျင့်ဆောင်ခြင်း။

ရာဇဓမ္မ (၁၀)ပါး
(၁) ဒါန = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုးကို ပစ္စည်းဉစ္စာ စွန့်လွှတ် ကျင့်ဆောင်ခြင်း။
(၂) သီလ = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုး ကို ကိုယ်ကျင့်ဖြူစင်စွာ ကျင့်ဆောင်ခြင်း။
(၃) ပရိစ္စာဂ = နိုင်ငံသား၊ လောကသားတို့၏ ကောင်း ကျိုးကို အသက်ကိုပင် စွန့်လွှတ်ကာ ကျင့်ဆောင်ခြင်း။
(၄) အဇ္ဇဝ = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုး ကို ရိုးသားစွာ ကျင့်ဆောင်ခြင်း။

(၅) မဒ္ဒဝ = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုး ကို နူးညံ့သိမ်မွေ့စွာ ကျင့်ဆောင်ခြင်း။
(၆) တပ = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုးကို မြင့်မြတ်မြိုးမြက်ကာ ကျင့်ဆောင်ခြင်း။
(၇) အက္ကောဓ = နိုင်ငံသား၊ လောကသားတို့၏ ကောင်း ကျိုးကို ဒေါသတရားကင်းစင်ကာ
ကျင့်ဆောင်ခြင်း။
(၈) အဝိဟိံသ = နိုင်ငံသား၊ လောကသားတို့၏ ကောင်း ကျိုးကို ကရုဏာတရားဖြင့် ကျင့်ဆောင်ခြင်း။
(၉) ခန္တီ = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုးကို သည်းခံအေးမြစွာ ကျင့်ဆောင်ခြင်း။
(၁၀) အဝိရောဓန = နိုင်ငံသား၊ လောကသားတို့၏ ကောင်းကျိုးကို ဆောင်ရွက်ရာတွင်
အများဆန္ဒသဘော ထားကို လေးစားလိုက်နာလျက် ကျင့်ဆောင်ခြင်း ဟူ၍ဖြစ် ပါသည်။

အချုပ်ဆိုရပါလျှင် နိုင်ငံရေးသည် တကယ်စင်စစ် ဖြူစင်မြင့်မြတ်သော ဦးတည်ချက်ဖြင့် ဆောင်ရွက်ပါက
ဗုဒ္ဓတရားတော်နှင့် ညီညွတ်သော ပါရမီဖြည့်ခြင်းဟု
သတ်မှတ်နိုင်ပါပေသည်။

ရေးသူ မောင်မောင်လှမြင့် (ရန်ကုန်)